# အခန်း (၄)

# ဘာသာရေးဆိုင်ရာပိဋကတ်တိုက်များ

## တောင်ခွင်သာသနာပိုင်ဆရာတော် ပိဋကတ်တိုက်

### တည်နေရာ

တောင်ခွင်သာသနာပိုင်ဆရာတော်၏ ပိဋကတ်တိုက်သည် မန္တလေးမြို့ပြင်တံခွန်တိုင် ဘူတာရုံနီး၊ တောင်ခွင်ကျောင်းတိုက်တွင်တည်ရှိသည်။ ဆရာတော်ဘုရားကြီးပျံလွန်တော်မူသောအခါ ပိဋကတ်တိုက်ကိုမြို့ပြင်မှ မန္တလေးမြို့အတွင်းသို့ပြောင်းရွှေ့ခဲ့သည်။ ယခုအခါ မန္တလေးမြို့အနောက်ပြင်၊ အဘယာမရွှေဂူတိုက်၊ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၊ မစိုးရိမ်တိုက်၊ မဟာဝိသုဒ္ဓါရာမအနောက် အင်းခန်းတိုက်စသော အနောက်ပြင်ကျောင်းတိုက်တို့၏အနီး သာသနာပိုင်ကျောင်းတိုက်ခေါ် ကျောင်းတိုက်တစ်တိုက်အတွင်း၌ တည်ရှိပါသည်။

### စစ်အတွင်းပိဋကတ်တိုက်များ၏ အခြေအနေ

ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ သုဓမ္မာဂိုဏ်းဝင်ဘုန်းကြီးကျောင်းတိုက်များဖြစ်ကြသော စံကျောင်းတိုက်၊ စလင်းမြို့တောင်တိုက်တို့အပြင် ရွှေကျင်ဂိုဏ်းဝင်ဖြစ်သော အရှေ့ဝိသုဒ္ဓါရာမတိုက်တို့သည်စစ်ဒဏ်ကြောင့်မီးလောင်ပြာကျကုန်၏။ ထိုပြင်စာပေပရိယတ်ဆိုင်ရာ ပေပုထုတ်ပေါင်းများစွာနှင့်မြန်မာပျို့ကဗျာ၊ စကားပြေဆိုင်ရာပေပုရပိုက်များစွာတို့သည် ပိဋကတ်တိုက်အဆောက်အအုံတို့နှင့်တကွပျက်စီးပြုန်းတီးသွားခဲ့သည်။ ထို့ကြောင့်သာသနိက ကျမ်းစာတို့နှင့် ပျို့ကဗျာ၊ စကားပြေဆိုင်ရာ၊ ယဉ်ကျေးမှုအနုပညာလက်ရာဆိုင်ရာ မြန်မာမှုအစုစုတို့ဖြင့်ကြွယ်ဝများပြားလှသော အံ့သြချီးမွမ်းခြင်းခံရသည့် မန္တလေးမြို့ကြီး၌ ပိဋကတ်သုံးပုံ၊ ပါဠိတော် အဋ္ဌကထာ၊ ဋီကာတို့ဖြင့်စုံလင်ပြည့်ဝရှိကြကုန်သော ပရိယတ္တိစာသင်တိုက်တို့သည် ယခုအခါလွန်စွာ ရှားပါးလျော့နည်းသွားလေသည်။[၁]

---

၁။ လူဖေဝင်း၊ ဦး။ ( မြန်မာပိဋကတ်တိုက်များ ) စာ – ၈၉။

## ပိဋကတ်တိုက်ရှိ ပေစာထုပ်များ

တောင်ခွင်သာသနာပိုင်ဆရာတော်ဘုရားကြီး၏ ပိဋကတ်တိုက်တွင် ပေစာထုပ်ပေါင်း လေးထောင်ခန့်ရှိသည်။ စာပေအမျိုးအစားပေါင်းနှစ်ထောင်ကျော်ကိုစာအုပ်အမည် စာစောင်အမည်တို့ဖြင့် စနစ်တကျစာရင်းပြုစုထားရှိသည်။

"လေးပုံတစ်ပုံသောပေထုပ်စာရင်းများအရ မည်မျှအဖိုးတန်လှသည်ကို အောက်ပါစာပေအမျိုးအစားငါးဆယ်နီးပါး၏နာမည်အရ သုတေသနလုပ်သူ၊ မြန်မာမှုလိုက်စားသူတိုင်း လွယ်ကူစွာသိရှိနိုင်ကြပါသည်။"[၂]

ကျမ်းစာရင်းများကို နောက်ဆက်တွဲတွင် သီးခြားဖော်ပြထားရှိပါသည်။ ဤကျမ်းစာရင်းတစ်ပိုင်းတစ်စတို့ကို ကြည့်ရှုလေ့လာခြင်းဖြင့်ပင် တောင်ခွင်သာသနာပိုင် ပိဋကတ်တိုက်သည် တမ်ဖိုးမဖြတ်နိုင်သည့်အစားထိုးမရနိုင်သောပေစာမှုတို့ တည်ရှိရာစာပဒေသာဘဏ်တိုက်ကြီးပင် ဖြစ်ကြောင်းကိုသိရှိနိုင်ပါသည်။

## လေ့လာခွင့်ရှိသူများ

ပိဋကတ်တိုက်သည်အများသူငှာ ဝင်ရောက်လေ့လာကြည့်ရှုခွင့်မရသော်လည်း စာချသံဃာ၊ စာလိုက်သံဃာနှင့် သုတေသနလိုက်စားသူ လူပညာရှိတို့သာ ဝင်ရောက်သည်းပူးလေ့လာခွင့်ရှိသည့် အထူးစာကြည့်ပိဋကတ်တိုက်ဖြစ်သည်။

## ဆရာတော်ဘုရားကြီး၏ စွမ်းရည်

ဆရာတော်ဘုရားကြီးသည် ဇရာထောင်း၍မျက်စိနှစ်ကွင်းအလင်းမရရှိသော်လည်း စာပေကျမ်းဂန်များကိုမလေ့လာမလိုက်စားဘဲမနေနိုင်ပေ။ စာကြည့်တိုက်မှူးကောင်း တစ်ယောက်၏အရည်အသွေး အပြည့်အဝရှိပေသည်။ မိမိထံလာရောက်ဖူးမျှော်ကြသော ရှင်လူမှန်သမျှကို တစ်နေ့လျှင် ပေထုပ်တစ်ထုပ်စီယူခိုင်းကာ ဖတ်စေပြီးလျှင် အနက်အဓိပ္ပာယ်ကိုရှင်းလင်းပြလေ့ရှိသည်။ မှတ်ဉာဏ်လည်းလွန်စွာကောင်းသည်။ မိမိအုပ်ချုပ်ရသောလက်အောက်ခံ သုဓမ္မာအဖွဲ့ဝင်ကျောင်းတိုက်များ၏ အမည်များကိုမြို့အလိုက်၊ အရပ်ဒေသအလိုက်စီကာစဉ်ကာကျောင်းတိုက်များ၏ နာမည်ဘွဲ့ရည်များနှင့် တကွအလွတ်ရတော်မူ၏။ ဤကဲ့သို့ကျောင်းထိုင်ဘုန်းကြီးနှင့် တကွအထက် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ သုဓမ္မာအဖွဲ့ဝင်ကျောင်းတိုက်များ၏စာရင်းကို နှုတ်တက်ရထားခြင်းကြောင့် ဂိုဏ်းချုပ်ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်မှစ၍ ကျောင်းထိုင်ဘုန်းကြီး၊ ရဟန်းကြီး၊ ရဟန်းငယ်အသွယ်သွယ်

---

၂။ လူဖေဝင်း၊ ဦး။ ( မြန်မာပိဋကတ်တိုက်များ ) စာ – ၈၁။

တို့သည် တောင်ခွင်သာသနာပိုင်ဆရာတော်ဘုရားကြီးကို လွန်စွာချစ်ကြောက်ရိုသေကြလေသည်။

မျက်စိနှစ်ကွင်းအလင်းမရသည့်ကြားမှပင် ဆရာတော်ဘုရားကြီးသည် ဗဟုသုတအဝဝနှင့် သာသနိကအကြောင်းအရာစုံလင်လှသော ဂူဠတ္ထဝိနိယကျမ်းကြီးကို ရေးသားပုံနှိပ်ထုတ်ဝေခဲ့သည်။ ထို့ပြင်ပါဠိဇာတ်အဋ္ဌကထာ၊ ငါးရာ့ငါးဆယ်ဇာတ်ပင်လယ်ကြီးကို အတိုကောက်အကျဉ်းချုပ်၊ သံပေါက်ပေါင်း ငါးရာ့ငါးဆယ်ကျော်တို့ဖြင့်ရေးဖွဲ့ခဲ့သည်။

ထို့မျှမကကျည်းကန်ရှင်ကြီး ရေးသားဖွဲ့ဆိုခဲ့သော စွယ်စုံကျော်ထင် ပဋ္ဌာသံပေါက်ကျမ်းကို လည်းကောင်း၊ ဂိန္တ ကျော်သူဦးဩရေးသားသောသီကုန်းခဲ့သော ကဝိလက္ခဏာသံပေါက်သတ်ပုံ ကျမ်းကိုလည်းကောင်း သဘောကျတော်မူသောကြောင့် ကဝိစွယ်စုံသတ်ပုံကျမ်းကို ရေးသားထုတ်ဝေ ခဲ့သည်။[3]

# ခြောက်ထပ်ကြီးဘုရားကြီးပိဋကတ်တိုက်

## ခြောက်ထပ်ကြီးဘုရား

ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီးသည် ရွှေတိဂုံစေတီတော်၏အရှေ့မြောက် တာငါးရာခန့်အကွာ တောင်ကုန်းတစ်ခုပေါ်၌ တည်ရှိသည်။ ထိုဘုရားကြီးကို ၁၂၆၉ ခုနှစ် (ခရစ်နှစ် ၁၉၀၇) တွင်ပွဲစားကြီးဆာဘိုးသာနှင့် ဇနီးတို့ကတည်ထားကိုးကွယ်ခဲ့သည်။ ခြောက်ထပ်ကြီးဟူ သောဘွဲ့အမည်တော် ဖြစ်ပေါ်လာခြင်းသည် ငါးထပ်ကြီးဘုရား၏သမိုင်းနှင့်လည်း ဆက်နွယ်လျက် ရှိ၏။

## ငါးထပ်ကြီးဘုရား

၁၂၄၉ ခုနှစ် (ခရစ်နှစ် ၁၈၈၇) တွင်ရန်ကုန်မြို့ ကုန်ဈေးတန်းရပ်နေ ကုန်သည်ကြီးဦးဘေးကြီး နှင့် ဇနီးဒေါ် အုန်းခိုင်တို့က ရွှေတိဂုံစေတီ၏အရှေ့မြောက်ဘက်ရှိ အရှေ့တောရကျောင်း၌ဘုံသုံးဆင့် ရှိသောစံကျောင်းကြီးတစ်ကျောင်းကို ဆရာတော်ဦးအာသဘအား လှူဒါန်းခဲ့သည်။ ၁၂၆၂ ခုနှစ် (ခရစ်နှစ် ၁၉၀၀ ပြည့်) တွင် ကျောင်းဒါယကာဦးဘေးကြီး ကျောင်းဒါယကာမဒေါ် အုန်းခိုင်တို့၏သား ဦးဘိုးအောင်နှင့်ဒေါ် စိန်ရင်တို့သည် ပျက်စီးနေသောရှေးဟောင်းရုပ်ပွားတော်များကို ဖြိုဖျက်ရွှေ့ ပြောင်း၍ထိုင်တော်မူရုပ်ပွားတော်တစ်ဆူတည်လေသည်။ ထိုရုပ်ပွားတော်ကိုဆရာတော်ဦးအာသဘ က"မဟာသကျအတုလမာရ်အောင်ဘုရားကြီး"ဟူ၍ကမ္ပည်းတပ်ခဲ့သည်။ အများပြည်သူတို့ကမူ

---

၃။ လူဖေဝင်း၊ ဦး။ မြန်မာပိဋကတ်တိုက်များ ( ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၆ ) စာ – ၈၄ – ၈၅။

ငါးဆင့်ရှိသော ဂန္ဓကုဋီစံကျောင်းတော်ကိုအစွဲပြု၍"ငါးထပ်ကြီးဘုရား"ဟုသာ အလွယ်တကူခေါ်ဆိုကြောင်းသိရသည်။ ၁၉၇၇ ခုနှစ် ဒီဇင်ဘာလတွင် ပုံနှိပ်ထုတ်ဝေသောငါးထပ်ကြီးဘုရားသမိုင်း၌ သာလွန်မင်းတရားကြီး၏သားတော်မင်းရဲနန္ဒမိတ်၏ကောင်းမှုတော်ဖြစ်သည့် စစ်ကိုင်းမြို့မှ ငါးထပ်ကြီးဘုရားကိုနမူနာ ပုံတော်ယူ၍တည်ခဲ့သောကြောင့် "ငါးထပ်ကြီးဘုရား"ဟု အမည်တွင်ကြောင်းဖော်ပြထားသည်။

## ဆာဦးဘိုးသာနှင့် ခြောက်ထပ်ကြီးဘုရား

ငါးထပ်ကြီးဘုရားဒကာဦးဘိုးအောင်နှင့် ဆာဦးဘိုးသာတို့သည်ခင်မင်ရင်းနှီးသောမိတ်ဆွေများဖြစ်ကြသည်။ ဆာဦးဘိုးသာသည်ဦးဘိုးအောင်ကိုအားကျ၍ ခြောက်ထပ်ကြီးဘုရားကို တည်ခဲ့ခြင်းဖြစ်သည်။ ဘုရားဖူးများသည်ငါးထပ်ကြီးဘုရား၏ အရှေ့မြောက်ဘက်ရှိ တောင်ကုန်းပေါ်၌ ထီးထီးမားမားတည်ရှိသောလျောင်းတော်မူရုပ်ပွားတော်ကြီးကို လှမ်းမျှော်ဖူးမြင်ရင်း"ဒီငါးထပ်ကြီးဘုရားကနေပြီးဖူးမြင်ရတဲ့ရုပ်ပွားတော်ကြီးကတော့ ခြောက်ထပ်ကြီးဘုရားပေါ့"ဟူ၍ပြောဆိုလေ့ရှိခဲ့သည်။ ယင်းသို့ပြောဆိုခြင်းကိုအကြောင်းပြု၍ "ခြောက်ထပ်ကြီး ဘုရား"ဟူသောဘွဲ့အမည်တော်ဖြစ်ပေါ် လာခဲ့သည်။ ခြောက်ထပ်ကြီးဘုရားကို အကြောင်းပြု၍ ခြောက်ထပ်ကြီးကျောင်းတိုက်သည်လည်းဖြစ်ပေါ် လာခဲ့သည်။ ထိုကျောင်းတိုက် ဒကာမှာလည်း ဘုရားဒါယကာဆာဘိုးသာပင်ဖြစ်သည်။ ထို့ကြောင့် ခြောက်ထပ်ကြီးဘုရားနှင့် ခြောက်ထပ်ကြီးကျောင်းတိုက်တို့မှာဆက်နွှယ်လျက်ရှိပေသည်။

## မဟာဗုဒ္ဓရာမ (ဘုရားကြီးတိုက်)

ဆာဘိုးသာသည် မိမိတည်ထားသော ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးအနီးရှိ ဇရပ်၊ တန်ဆောင်းတို့ကိုမွမ်းမံပြင်ဆင်လျက် မဟာဗုဒ္ဓါရာမ (ဘုရားကြီးတိုက်) ဟူ၍ကိုယ်တိုင်ကမ္ပည်းတင်ပြီးလျှင် ဆရာတော်ဦးကောဏ္ဍညအားလှူဒါန်းခဲ့သည်။ ခရစ်နှစ် ၁၉၃၁ ခု၊ ဧပြီလ ၃ ရက်နေ့တွင် မဟာဗုဒ္ဓါရာမဘုရားကြီးတိုက်၌ ဆရာတော်ဦးကောဏ္ဍညသည် တပည့်ရဟန်းသာမဏေများနှင့်အတူ သီတင်းသုံးတော်မူလေသည်။ ဆရာတော်ဦးကောဏ္ဍညသည် ဆရာတော်ဦးဂန္ဓသာရ၊ ဆရာတော်ဦးပညာအစရှိသော ဆရာသမားတို့ထံမှရအပ် ဥပနိဿယအတိုင်း ဗုဒ္ဓပါဝစနဖြစ်သော ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးဖြာ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအနုအစုစုသောကျမ်းစာတို့ကိုအဆက် မပြတ်တာဝန်ယူပို့ချခဲ့သည်။

ထို့ကြောင့် ခြောက်ထပ်ကြီးဘုရားကျောင်းတိုက်သည် အောက်မြန်မာပြည်တွင် ပခုက္ကူနိကာယမဟာဝိသုကာရာမတိုက်ခွဲကြီးအဖြစ်သို့ ရောက်ခဲ့ပြီး ရဟန်းသာမဏေများအား ခိုဝင်ပညာ

သင်ရာ ပိဋကတ်တော်စာသင်သားတို့၏ တက္ကသိုလာမြကျွန်းသာအဖြစ်သို့ရောက်ရှိခဲ့သည်။

## ပရိယတ္တိစာသင်တိုက်ကြီး

ကျောင်းတိုက်ကြီးသည် တစ်နှစ်ထက်တစ်နှစ် စာသင်သားဦးရေတိုးတက်များပြားလာရာ စာချဆရာတော် (၁၄) ပါးနှင့် သံဃာတော် (၅၀၀) ကျော်မျှရှိသောကြောင့် စာသင်သားအများဆုံး သီတင်းသုံးသည့် ပရိယတ္တိစာသင်တိုက်ကြီးဟုပင် ခေါ် ဆိုနိုင်ခဲ့သည်။ သံဃာတော် (၆၀) ကျော်မျှ ဖြင့်စတင်တည်ထောင်ခဲ့သောခြောက်ထပ်ကြီးကျောင်းတိုက်သည် ဒုတိယကမ္ဘာစစ်မှ နောက်ပိုင်း ခေတ်တွင် သံဃာတော် (၆၀၀) ကျော်မျှရှိသော အဓိကရ စာသင်တိုက်ကြီးအဖြစ်သို့ရောက်ခဲ့ ပေသည်။

## ပိဋကတ်တိုက်

စာပေသင်ကြားရန်၌ အထောက်အကူဖြစ်စေရန် ပိဋကတ်တိုက်ထားရှိသည်။ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးဖြာ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ နိဿယတို့ကို ပိဋကတ်တိုက်တွင် စနစ်တကျ ထားရှိသည်။ ပေထုပ်ပေါင်း (၂၀၀) ကျော်ရှိသည်။ နှစ်ပေါင်း ၁၀၀၀ ကျော်က ရေးသားထားသော ပေထုပ် ၄ ထုပ်ရှိသည်ဟုသိရ၏။ ပိဋကတ်တိုက်ကို တာဝန်ယူသော ဆရာတော်တစ်ပါးရှိသည်။

ယခုပိဋကတ်တိုက်သည် ရန်ကုန်မြို့ ရောက်လမ်းနေ ဦးဂျိုလျှောင်၊ ဒေါ် မမကြီးနှင့် ဒေါ် အမာ၊ မောင်နှင့်သားသမီးတို့က ၁၃၂၄ ခု၊ သီတင်းကျွတ်လဆန်း ၈ ရက်နေ့တွင်ဆောက်လုပ်လှူဒါန်းသော သိမ်ကျောင်းဖြစ်သည်။ ယခု ပိဋကတ်တိုက်မှူးမှာသာသနာပြု ဓမ္မကထိကရွှေနိုင်ဆရာတော်ဦးဝေပုလ္လ (ဝဇီရတိတြတိုက်ကျောင်း) ဖြစ်သည်။ သိမ်သုံးလုံးရှိသည်။ သိမ်တော်ကြီး၌ ပေ၊ ပုရပိုက်များကို ထားရှိသည်။ ပုံနှိပ်ပိဋကတ်စာအုပ်တစ်သောင်းကျော်ထားရှိသည်။

## ရည်ရွယ်ချက်

စာသင်သားများအတွက်လိုအပ်သည့်သာအုပ်များကို အလွယ်တကူငှားယူဖတ်ရှုနိုင်ရန်ဖြစ် သည်။

## ပိဋကတ်တိုက်ဖွင့်ချိန်

တစ်ပတ်လျှင်တစ်ကြိမ်သာဖွင့်သည်။ စာအုပ်များကိုဝါတွင်း၌ မငှားပါ။ ဝါထွက်ချိန်တွင် ညနေ ၄ နာရီမှ ၆ နာရီအတွင်း ငှားရမ်းခွင့်ပြုသည်။

**ဖြန့်အပ်ချိန်**

တစ်နှစ်ကြာမျှအချိန်ပေးထားကြောင်း သိရသည်။

**စာအုပ်ငှားရမ်းခြင်း**

စာသင်သားတစ်ဦးလျှင် စာအုပ် ၆ အုပ်ငှားခွင့်ပြုသည်။ ငှားရမ်းခမယူပေ၊ ပျောက်ဆုံးလျှင် အစားလျော်ခိုင်းသည်။ ပြဲဆုတ်လျှင်ပြုပြင်ပေးရသည်။

**ငှားရမ်းခွင့်ရှိသူများ**

ခြောက်ထပ်ကြီးဘုရာဝန်းအတွင်းရှိ ကျောင်းတိုက်များမှသံဃာတော်များကိုသာ ဦးစားပေး ငှားသည်။ ပြင်ပသံဃာတော်များကိုမူ အာမခံသူတစ်ဦးရှိလျှင် ငှားရမ်းခွင့်ပြုသည်။

"စာကြည့်တိုက်ရှိစာအုပ်များမှာ၊ ဒကာမတို့၏အလှူဒါနပြုခြင်း၊ ဘုန်းတော်ကြီးများ၏ကိုယ်ပိုင်စာအုပ်များမှလှူဒါန်းထားခြင်းတို့ဖြင့် စုဆောင်းထားရှိကြခြင်းဖြစ်သည်။ ပိဋကတ်တိုက်သည် မြေညီထပ်တွင်ပေ ၄၀၊ ပေ ၃၀ ပတ်လည်ဖြင့်တည်ဆောက်ထားခြင်းဖြစ်သည်။ စာအုပ်စင်သည် ပြောင်းရွှေ့ရသောစင်ဖြစ်ပြီး မှန်ဗီရိုနှစ်ဖက်ဖွင့်ဖြစ်၏။ စာအုပ်များကိုသားရေဖုံး၊ ကတ်ထူဖုံး၊ ပိတ်အဖုံးများဖြင့်သပ်ရပ်စွာဖုံးထားရှိသည်။ မီးဘေးအန္တရာယ်လည်းမရှိနိုင်ပါ။ အသန့်ရှင်းဆုံးနှင့် ကြည်ဖြူဖွယ်ရာဖြစ်အောင်စီမံထားရှိပါသည်။"[၄]

**ထိန်းသိမ်းထားရှိပုံ**

"မှန်စီရွှေချသေတ္တာထဲ၌ ကမ္မဝါစာများထားရှိ၏။ သုတ်သီလက္ခံပါဠိတော်ပေစာထုတ်များကိုသာပိဋကတ်တိုက်၌ထားရှိပြီး ကျန်ပေစာထုတ်များကိုသိမ်တွင်ထားသည်။ စာအုပ်များကိုတိုက်ပိုင်စာရင်းသွင်း၍ ကိုယ်ပိုင်တံဆိပ်ထားရှိသည်။ စာအုပ်များကိုအလှူဒါနသက်သက်တစ်ခုတည်းဖြင့်ရရှိထားခြင်းကြောင့်ရန်ပုံငွေမရှိပေ။ ဆွေးမြေ့ပျက်စီးသွားသောစာအုပ်ပေါင်း ၂၀၀ ကျော်ခန့်ရှိပေ သည်။ လိုအပ်သောစာအုပ်များရှိပါက လှူနိုင်မည့်အလှူရှင်ကိုရေစက်ချ၍အလှူခံပါသည်။ ယခုစာသင်သားပေါင်း ၄၀၀ ခန့်သာရှိသည်။ ပိဋကတ်တိုက်မှူးဆရာတော် ဦးဝေပုလ္လသည် ယခုလက်ရှိပိဋကတ်တိုက်တိုက်ကိုလွှန်ခဲ့သောအနှစ် ၂၀ ကတည်းကထိန်းသိမ်းစောင့်ရှောက်လာခဲ့သူဖြစ်သည်။"[၅]

---

၄။ ပိဋကတ်တိုက်မှူးသာသနာပြုဓမ္မကထိက ရွှေနိုင်ဆရာတော်ဦးဝေပုလ္လ၏ပြောပြချက်

၅။ ဦးဝေပုလ္လ၏ပြောပြချက်

F .7B

"စာဝါမပြီးမချင်းစာအုပ်များကို ငှားထားနိုင်သည်။ စာကြည့်တိုက်ကိုတစ်ပတ်တစ်ကြိမ်သာဖွင့်သည်။ ပျောက်လျှင်လျော်ကြေးပေးရသည်။ ပေစာနှင့်ပုရပိုက်စာကိုခွဲခြားထားသည်။ ထိုစာကြည့်တိုက်ရှိစာအုပ်များမှာ အလှူဒါနသတ်သတ်တစ်ခုတည်းဖြင့်ရခြင်းဖြစ်သည်။"[၆]

## လယ်တီဆရာတော်ဘုရားကြီး
## ပိဋကတ်တိုက်

### ထေရုပ္ပတ္တိ

ပဲရော့ဦးဆန်နီသည်ကျေးဇူးတော်ရှင် လယ်တီဆရာတော်မဟာထေရ်မြတ်၏ "မဟာထေရုပ္ပတ္တိကထာ"တစ်စောင်ရေးသားချီးမြှင့်တော်မူပါရန် နိုင်ငံခြားဗုဒ္ဓသာသနာပြုအသင်းကြီး၏ ဒုတိယဥက္ကဋ္ဌ၊ ကျေးဇူးတော်ရှင်လယ်တီဆရာတော်မဟာထေရ်မြတ်၏ကိုယ်စားလှယ်၊ နယ်လှည့်ဓမ္မကထိက"လယ်တီဦးဝဏ္ဏိတ"အရှင်မြတ်အားလျှောက်ထားခဲ့သည်။ ထို့ကြောင့်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိတော်မူစဉ်အခါက မိန့်မြွက်တော်မူချက်အား သိရှိသမျှအကျဉ်းချုပ်၍ ဆရာတော်မဟာထေမြတ်၏ အတ္တုပ္ပတ္တိကျမ်းစာတစ်စောင်ကို ရေးသားတော်မူခဲ့သည်။

လယ်တီမဟာထေရုပ္ပတ္တိကထာမှအချီးနိဒါန်းတွင် ဆရာတော်ဘုရားကြီးရေးသားပြုစုခဲ့သောကျမ်းစာများကိုအောက်ပါသတိုတင်းတွေ့ရှိရပါသည်။

(၁) ပရမတ္ထဒီပနီခေါ် သင်္ဂြိုဟ်မဟာဋီကာသစ်ပါဠိ၊ ၎င်းအဖွင့်နဲ့ဒီလနိပါဠိ၊ ယမကပုစ္ဆာဝိဿဇ္ဇနာပါဠိ၊ ပဋ္ဌာနုဒ္ဒေသဒီပနိပါဠိ၊ နိယာမဒီပနိပါဠိ၊ သပ္ပဒိဠိ၊ ဒီပနိပါဠိ၊ ဝိပဿနာဒီပနိပါဠိ၊ အနတ္တဝိဘာဝနာပါဠိ စသော အဘိဓမ္မာသက်ဆိုင်ရာပါဠိကျမ်းစာအမျိုးမျိုး၊

(၂) နိရုတ္တိဒီပနိခေါ် ရုတ္တိမောဂ္ဂလာန်ဋီကာပါဠိ၊ ဝိကတုတ္တဋီကာသစ်ပါဠိ၊ ဝစ္စပါစကဋီကာသစ်ပါဠိ ဝလာသဒ္ဒါသက်ဆိုင်ရာပါဠိကျမ်းစာအမျိုးမျိုး၊

(၃) သာသနာသမ္ပတ္တိဒီပနီပါဠိ၊ သာသနာဝိပတ္တိဒီပနီပါဠိ စသောပတိတ္တကသုတ္တန် သက်ဆိုင်ရာပါဠိကျမ်းအမျိုးမျိုး၊

(၄) ဘာဝနာဒီပနီ၊ ဥတ္တမပုရိသဒီပနီ စသောမြန်မာသက်ဆိုင်ရာကျမ်းစာအမျိုးမျိုး၊

---

၆။ တင်ဦး၊ ဦး။ (ရှေးခေတ်မြန်မာစာကြည့်တိုက်များ၊ စာကြည့်တိုက်လုပ်ငန်း၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၀) စာ ၆၆ – ၆၉။

(၅) ပရမတ္တသံခိပ်၊ သဒ္ဒသံခိပ်၊ ဝိနယသံခိပ်၊ သင်ပုန်းကြီးသံခိပ်၊ သတ်ပုတ်သံခိပ်၊ ဆန်းသံခိပ်၊ အလင်္ကာသံခိပ် စသောသံခိပ်ဆိုင်ရာကျမ်းစာအမျိုးမျိုး၊

(၆) မဟော်ကျေးစခန်းရတု၊ ပဋိစ္စသမုပ္ပါဒ်လင်္ကာအကျဉ်း၊ အကျယ်၊ သံဝေဂကဗျာလေးချိုးကြီး၊ သံဝေဂကဗျာလင်္ကာ၊ နွားမေတ္တာစာ၊ ဒေးဒရဲမေတ္တာစာ၊ စိုင်ပြင်သေရည်သေရက်မေတ္တာစာ၊ ဒီပဲရင်းသေရည် သေရက်မေတ္တာစာ၊ ထီမေတ္တာစာ၊ ပွဲမေတ္တာစာ၊ ဆုတောင်းပြည့်မေတ္တာစာ၊ ပတ္တမြားမေတ္တာစာ၊ သီဟတောဘုရားကျောက်စာ၊ သံဝေဂနိဗ္ဗိန္ဒသြဝါဒ အနုသာသနီတေးထပ်များ၊ မိုက်းကမ္ဘဝါအမိန့်တော်ပြန်တမ်း၊ အင္ဂလိပ်အေးကင်းအမိန့်တော်ပြန်တမ်း စသောရတု၊ ကဗျာလင်္ကာ၊ မေတ္တာစာ၊ ကျောက်စာ၊ သံပိုင်း၊ တေးထပ်၊ ပြန်တမ်းဘက်ဆိုင်ရာကျမ်းစာ အမျိုးမျိုးအစရှိသဖြင့် ပါဠိ၊ မြန်မာကျမ်းများစွာတို့ကို စီရင်ရေးသားတော်မူခဲ့သဖြင့် တစ်ဆူ ဗဟိဒ္ဓိပရိ ယတ္တိဝိဟာရဒပဋိ ပတ္တိဗာကဟာသနဝပုလ္လသာသနာ သုဒ္ဓကာရီ သာသနကိစ္စကာရီ သာသနဝုလိုကာမီ ဓမ္မပဥ္စရီ ဘိက္ခာကာမီလဇ္ဇီသုပေသလသီလဝန္တ ဝိတိဗန္တ ဗုဒ္ဓိမန္တ ရဂ္ဂံကတ ဗဟုန္တကာရက မဟာဓမ္မကထိက သုဝိသံလေခ ဝိနယမရ တိပိဋကဓရ ဓုရပါဏက္ခ အာဝုဉာဏ အာဘိမ္မိကသာသန သောဘိက သာသန ဓေတိကသံဃာဦးကိုင် တစ်နိုင်ငံလုံး၏အားထားရာ အများသတ္တဝါတို့၏ ကိုးစားရာ အစစ်ဖြစ်တော်မူပေသော "အဂ္ဂမဟာပဏ္ဍိတ"ဒုတိယ ဗြိတိသျှကျွန်းကြီး၌တည်ရှိသော ဗုဒ္ဓ သာသနာပြုအသင်းကြီးတွင် ဥက္ကဋ္ဌ (D.Litt) ပိဋကတ္တတိုက် ပါရဂူပင်ဖြစ်သည်။

## မင်္ဂလာနိမိတ်ထူး

ရတနာသုံးပါးဦးထိပ်ထား၍ မီးရှူးသန့်စင်ဖွားမြင်ဆဲအခါ၌ အံ့ဖွယ်သူရဲမင်္ဂလာနိမိတ်ထူးကြီး သည်ကား အိမ်၏ဥပစာအတွင်း ပုဆိုးတစ်ပတ်ခန့်ရှိမန်ကျည်းပင်ကြီး၌စုရုံးထောက်ထားသော ဝါးလုံး ကြားထဲမှစို့တစ်ကိုင်ဟူ၍လည်းကောင်း၊ သိကြားမင်းကားဟူ၍လည်းကောင်း အမည်အမျိုးမျိုးဖြင့် ခေါ် ဝေါ်ကြသော"စိုသတ်တင်ရေးကြီး"သည်မီးရှူးမီးပန်းကြီးတမျှဆန်းကြယ်စွာပေါ် ထွက်လာသည်။ ပညာရှိသုခမိန်တို့က ဝေဖန်ဆင်ခြင်ရှုမြင်ပြီးလျှင် နောင်သောအခါ သာသနာတော်နှင့်မွေ့လျော်စွာ သုံးဖြာသောပိဋကတ်ကိုတက်မြောက်လိမ်မာ ဂန္ထာစိုရ်ကြီးတစ်ဆူဖြစ်လျက် တက်သစ်သောနေ၊ လ အသွင်ဂုဏ်အင်တလူလူ ဇမ္ဗူမဆံ့ကပျံ့နှံ့ကျော်ကြား ထင်ရှားကျော်စောလတ္တံ့ ဟူပြောကြားလေ ကုန်သည်။

## နေရပ်နှင့်မိဘ

ဒီပဲရင်းမြို့နယ် စိုင်ပြင်ရွာကြီးနေ ဦးထွန်းသာ၊ ဇနီးဒေါ်ပြုံးတို့မှအတိသာသနာနှစ် ၂၃၉၀၊ မြန်မာသက္ကရာဇ် ၁၂၀၀ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့၊ ညဦးတစ်နာရီကျော်တွင်

ဆရာတော်လျှောင်းလျာကို ဖွားမြင်သည်။ အဘဦးထွန်းသာ၊ အမိဒေါ်ကြူးတို့မှသွေးချင်းပေါက်ဖော် ငါးယောက်တွင် ပထမမြောက်သားကြီးသေဆုံး၍ သားလေးယောက်ထွန်းကားလေသည်။ ဒုတိယ မြောက် ဦးတက်ခေါင်သည်လယ်တီဆရာတော်ဘုရားကြီးဖြစ်လာ၏။

## အမည်ပေးမင်္ဂလာ

သတို့သားရတနာကို မီးရှူးသန့်စင်ဖွားမြင်ဆဲအခါ "စိုသက်တင်ရေးကြီး"သည်အိမ်တွင်းမှ တက်၍အိမ်ခေါင်မိုးအထက်ကောင်းကင်တလွှားသို့ ပျံသန်းသွားသောမင်္ဂလာနိမိတ်ထူးကိုအစွဲပြု၍ "မောင်တက်ခေါင်"ဟူသောအမည်ကိုတွင်စေသည်။

ဆရာတော်ဘုရားကြီးသည်ကျောင်းသား၊ သာမဏေဘဝနှင့်ပညာဆည်းပူးခြင်း၊ ရဟန်းဘဝ နှင့် ပညာဆည်းပူးခြင်း၊ စာဖတ်ဝါသနာပါတော်မူခြင်း၊ လယ်တီတိုက်ကြီးကိုစတင်သူဖြစ်ခြင်း၊ နိုင်ငံ တော်အတွင်းသာသနာပြုခြင်း၊ နိုင်ငံခြားသာသနာပြုခြင်း၊ ကျမ်းဂန်စာပေများရေးသားပြုစုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

၁၂၈၅ ခုနှစ်၊ ပဌမဝါဆိုလပြည့်နေ့ ၂ နာရီခွဲတွင်ပျံလွန်တော်မူသည်။

# တောင်သာမြို့လယ်တီစာကြည့်ပိဋကတ်တိုက်

## တည်ထောင်သည့်နှစ်

မြန်မာသက္ကရာဇ် ၁၂၈၅ ခုနှစ်တွင်တောင်သာမြို့ ဗုဒ္ဓဘာသာလယ်တီပိဋကတ်တိုက် အသင်းကြီးကိုတည်ထောင်ခဲ့သည်။ ပင်စင်အငြိမ်းစားမြို့အုပ်ကြီး ဦးဘိုးလတ်၊ အထက်တန်း ရှေ့နေကြီးဦးဘုန်းကျော်တို့ကကြီးမှူး၍ တည်ထောင်ခဲ့ခြင်းဖြစ်သည်။[၇]

## ရည်ရွယ်ချက်

ပိဋကတ်တိုက်အသင်းကြီး၏ရည်ရွယ်ချက်မှာ ဗုဒ္ဓသာသနာကိုရှည်ကြာရင့်ညောင်းကောင်း စွာတည်ပါစေခြင်းငှာလည်းကောင်း၊ ကတညုကတရားစိတ်ဝယ်ထားလျက် လယ်တီဆရာတော် ဘုရားကြီး၏ကျေးဇူးဂုဏ်ကိုအာရုံမပြတ်တုံ့ပြန်လတ်၍ ပေးဆပ်ပူဇော်လိုသောကြောင့်လည်း

---

၇။ သူရိယသတင်းစာ (၂၆ ဒီဇင်ဘာ၊ ၁၉၃၆) စာ ၁၃။

ကောင်းတည်ထောင်ခြင်းဖြစ်ပေသည်။ ထိုပြင်ပိဋကတ်သုံးပုံပါဠိတော်အဋ္ဌကထာ၊ ဋီကာများနှင့် လောကုတ္တရာကျမ်းစာအမျိုးမျိုး သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းအမျိုးမျိုးတို့ကို ထားရှိရန်လည်းရည်ရွယ်ပါသည်။

## ဆောင်ရွက်ချက်

တောင်သာမြို့လယ်တီစာကြည့်ပိဋကတ်အသင်းကြီးက နှစ်စဉ်နှစ်တိုင်းပရပဋ္ဌသံခိပ်ကျမ်း၏သရုပ်သဘောဓောဝီထိ၊ မင်္ဂလာသုတ်၊ သိင်္ဂါလောဝါဒသုတ်၊ ပရာဘဝသုတ်တို့နှင့်ရတနာသုံးပါးတို့၏ဂုဏ်တော်တို့ကိုခွဲစိပ်နက်လေး ပုစ္ဆာရေးလျက်သုတ္တန်အဘိဓမ္မာနှစ်ဖြာသော စာမေးပွဲသဘင်ဆင်ယင်ကျင်းပလာခဲ့ရာ အဆိုပါအသင်းကြီးသည်တစ်နေ့တစ်ခြားပျံ့ပွားစည်ပင်လာပါသည်။

၁၂၉၉ နှစ်တွင်မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သာမြို့လယ်တီစာကြည့်တိုက်ပိဋကတ်အသင်းဟူသောအမည်ဖြင့် ကမ္မည်းမှတ်တိုင်မော်ကျွန်းစိုက်ကာ တစ်ဆယ့်သုံးကြိမ်မြောက်စာမေးပွဲသဘင်ကို အောက်ပါအတိုင်းရုံဌာနခွဲခြား၍ကျင်းပခဲ့သည်။

(၁) မြင်းခြံစီရင်စုတောင်သာ

(၂) ငါးပင်စင်

(၃) လက်ဝဲ

(၄) ပဲချက်

(၅) မုံရွာဒီစကြိုတ်ကန်ပြားကြီး

(၆) မိတ္ထီလာဒီစကြိုတ်၊ သဲတောသိမ်တောင်

(၇) ရမည်းသင်းဒီစကြိုတ်၊ ပျော်ဖွယ်

(၈) တောင်ငူဒီစကြိုတ်၊ ဖြူးမြို့တို့ဖြစ်ကြသည်။

စာမေးပွဲတွင်စာရင်းသွင်းသူအပေါင်းမှာ ၁၀၇၈ ယောက်ဖြစ်သည်။ ဖြေဆိုသူအပေါင်း ၉၄၉ ယောက်ဖြစ်ပြီးအောင်မြင်သူဦးရေမှာ ၁၅၂၈ ယောက်ရှိပါသည်။

စာအောင်သူ ၅၂၈ ယောက်အားဘုရင်ခံနှင့်တကွသူဌေး၊ အရာရှိ ကုန်သည်၊ မြေပိုင်ရှင်တို့က ချီးမြှင့်သည့်ရွှေတံဆိပ် ၃၃ ခုအသင်းမှချီးမြှင့်သောငွေတံဆိပ် ၄၈၅ ခု၊ ပရမတ္ထာဘွဲ့ပုံတံဆိပ် ၇ ခု၊

ဋီကာစာအုပ်များ၊ အောင်လတ်မှတ်များကိုစက်ရှင်မင်းကြီးနှင့်တကွ မင်းကြီးကတော်တို့ကိုယ်တိုင်လာရောက်ချီးမြှင့်လေသည်။[၇]

**အခက်အခဲ ၂ မျိုး**

အသင်း၏လုပ်ဆောက်ချက်များပုံမှန်လည်ပတ်နိုင်ရန် လုံလောက်သောရန်ပုံငွေရှာဖွေရခြင်းနှင့်စာမေးပွဲဖြစ်မြောက်ရေးအတွက်စာဖြေသူရရှိရေးတို့ဖြစ်သည်။ ကျန်အသင်းမှအော်ဒီမန် (ondemand) ဖြင့်ထုတ်ချေးခဲ့သောငွေများကိုမပေးဆပ်နိုင်လောက်အောင် ချေးငှားသူများမှာ ကျပ်တည်းသဖြင့်ချေးရင်းငွေမပျောက်ပျက်စေခြင်းငှာ ကော်မတီများနှင့်သဘောတူဆုံးဖြတ်၍ လက်မဲ့ပေါင်မြေကိုလက်ရောက်သိမ်းယူထားရလေသည်။ အကြောင်းရှိ၍ပြောဆိုရလျှင် တရားဥပဒေနှင့် ညီညွတ်စွာပြောဆိုဆောင်ရွက်လွယ်စေရန် အသင်းဥက္ကဋ္ဌနှင့်စက္ကရီတေရီ (Secre tory) ကိုအသင်း ကိုယ်စားလှယ်လွှဲစာခန့်၍ ငွေချေးရာ၌လည်းကောင်း၊ မြေကိုလက်ခံသိမ်းယူရာ၌ လည်းကောင်း၊ ထိုနှစ်ဦးအမည်ဖြင့်စာချုပ်ချုပ်ဆိုရသည်ဖြစ်ရာကားရသော မြေများမှာလည်း ထိုနှစ်ဦးအမည်ဖြင့် ပင်လယ်ဝဲကြီးရာနှင့် နားပြင်ရွာများတွင်ထည့်၍သီးစားချထားလေသည်။[၈]

ဤအသင်းကြီးနှင့်အလားတူရဟန်းရှင်လူယောကျာ်း၊ မိန်းမ၊ လူကြီး၊ လူငယ်မရွေးတို့ကို ဘုရားတရားတော်ဘက်၌အသိဉာဏ်အလိမ္မာတိုးအောင် ပြုလုပ်ပေးသောအသင်းဟူ၍ ၁၉၃၆ ခုနှစ် အထိ မြန်မာနိုင်ငံတော်အတွင်း မရှိခဲ့ပေ။

**ထူးခြားချက်**

မင်္ဂလာဆောင်အခမ်းအနားကုန်ကျစရိတ်တို့ကို ဤအသင်းအားဓမ္မဒါနအဖြစ်ငွေများပေးလှူခြင်းနှင့်အစိုးရနှင့်အများပြည်သူတို့၏ အကူအညီကြောင့်အထူးစထင်ရှားခဲ့သော ပိဋကတ်တိုက် ဖြစ်သည်။

## ရွှေတောင်မြို့လယ်တီပိဋကတ်တိုက်

လယ်တီဆရာတော်၏ဂုဏ်ကျေးဇူးကို အထူးအောက်မေ့သတိရသောအထိမ်းအမှတ်ဖြစ်စေရန်လည်းကောင်း၊ လယ်တီစာပေများကိုစုပေါင်းလေ့လာနိုင်ရန်လည်းကောင်း၊ မြို့သူမြို့သားတို့နှင့်သက်ဆိုင်သည့်အစည်းအဝေးပွဲများ၊ မင်္ဂလာဧည့်ခံပွဲများ၊ ဘာသာရေးတရားပွဲများ စသည်တို့ကိုပါ ကျင်းပနိုင်စေရန်လည်းကောင်းစီမံဆောက်လုပ်ထားခြင်းဖြစ်လေသည်။

---

၇။ ဒဂုန်မဂ္ဂဇင်း (၁၉၃၈၊ ဧပြီလ) စာ ၈၁။

၈။ သူရိယသတင်းစာ (၁၆ အောက်တိုဘာ၊ ၁၉၃၅) စာ ၃ – ၁။

## လယ်တီ နိုင်ငံခြားဗုဒ္ဓသာသနာပြုအသင်း

လယ်တီနိုင်ငံခြားဗုဒ္ဓသာသနာပြုအသင်းမှဦးစီး၍ နိုင်ငံရပ်ခြားတွင်ဗုဒ္ဓသာသနာပြန့်ပွားရေး အတွက်လယ်တီဆရာတော်ဘုရားကြီးကိုယ်တိုင် ကြီးမှူးပြီးလျှင်"လယ်တီနိုင်ငံခြားဗုဒ္ဓသာသနာ ပြုအသင်းကြီး"ကိုမန္တလေးမြို့တွင်ဗဟိုပြု၍ ၁၂၇၅ ခုနှစ်နယုန်လဆန်း၊ ၁၅ ရက်နေ့မှစတင်တည် ထောင်ခဲ့သည်။ ထိုအသင်းကြီး၏အဖွဲ့ခွဲများသည်မြို့ကြီးပေါင်း ၂၀ ကျော်တွင်ရှိသည်။ ယင်းတို့တွင် ရွှေတောင်မြို့သည်လည်းအပါအဝင်ဖြစ်သည်။ လယ်တီအသင်းကြီးကဦးစီးတည်ဆောက်ခဲ့သော ကြောင့် လယ်တီပိဋကတ်တိုက်ဟုခေါ်တွင်သည်။

## ပိဋကတ်တိုက်

မြန်မာသက္ကရာဇ် ၁၂၉၅ ခု၊ ခရစ်နှစ် ၁၉၃၃ ခုတွင်ရွှေတောင်မြို့ပိတောက်တန်း၌ ပိုးနှင့် အထည်လုပ်ငန်းကုန်သည်ကြီး ဦးမှတ်ကြီးတစ်ဦးတည်းကကျပ်ငွေ ၂၀၀၀ ကျော်တန်ပိဋကတ် တိုက်ကြီးကိုတည်ဆောက်လှူဒါန်းရာ ၁၂၉၆ ခုကဆုန်လဆုတ် ၃ ရက်ခရစ်နှစ် ၁၉၃၄ ခု၊ ဧပြီလ ၃ ရက်နေ့တွင် ရွှေတောင်လယ်တီပိဋကတ်တိုက်ဟူ၍ ဖွင့်လှစ်ခဲ့သည်။

"ဖွင့်ပွဲကိုပြည်မြို့အရေးပိုင်ဦးတင်ထွတ်ကဖွင့်လှစ်ကြောင်း ကြွရောက်သူပရိတ်သတ် ၄၀၀ ခန့်ကိုအကျွေးအမွေးဖြင့်ဧည့်ခံကြောင်း အောင်မြင်ကြောင်းအထိမ်းအမှတ်အဖြစ်အမြောက် ၁၅ ချက် ပစ်ဖောက်ကြောင်း"[၁၀] စသည်ဖြင့်ဖော်ပြထားရှိသောကြောင့် ခမ်းနားကြီးကျယ်လှသော ပိဋကတ် တိုက်ကြီးတစ်ခုဖြစ်ပေသည်။

ရွှေတောင် နိုင်ငံခြားဗုဒ္ဓသာသနာပြုအသင်း၏ အသင်းပိုင်ငွေ ၃၀,၀၀၀ ရှိသည့်အနက် ငွေ ၁၀,၀၀၀ ကို၍ပိဋကတ်တိုက်သို့လှူဒါန်းခဲ့သည်။ ပိဋကတ်တိုက်အရှည်တည်တန့်ရေးကို မျှော် တွေးလျှက် စောင့်ရှောက်ရေးအဖွဲ့တစ်ခုဖွဲ့စည်းကာ ပိဋကတ်တိုက်ကိုထိန်းသိမ်းစောင့်ရှောက်ခဲ့ လေသည်။

## ပုံသဏ္ဌာန်အကျယ်အဝန်း

ပိဋကတ်တိုက်အဆောက်အဦးအနေအထားနှင့် အကျယ်အဝန်းသည်ရန်ကုန်မြို့မှအပအကြီး မားဆုံး အကျယ်ဝန်းဆုံးပိဋကတ်တိုက်ဟု ဆိုနိုင်ပေသည်။ အထပ်နှစ်ထပ်ရှိသည်။ လူ ၇၀၀ ခန့်ဆံ့ သောအဆောက်အအုံကြီးဖြစ်သည်။

---

၁၀။ သူရိယသတင်းစာ (၂၃ ဇန်နဝါရီလ၊ ၁၉၃၄) စာ

၁၉၃၃ ခုနှစ်အဆောက်အအုံပြီးစနှစ်မှ ၇ နှစ်အတွင်း လောကုတ္တရာဇာတ်များ လောကီစာအုပ်စာတမ်းများ ပေ၊ ပုရပိုက်များသစုံစုံလင်လင်ထားရှိလေရာ ထိုခေတ်အခြေအနေဖြင့် ပြည်ဒီစကြိတ်တွင်အကြီးမားဆုံးနှင့်အဆင့်အမြင့်ဆုံး စာကြည့်တိုက်ကြီးတစ်ခုဖြစ်သည်။

## စာကြည့်တိုက်ဖွင့်ချိန်

နေ့စဉ်နံနက် (၇) နာရီမှ (၉) နာရီနေ့လည် (၁) နာရီမှ (၃) နာရီအထိဖြစ်သည်။ ဥပုပ်နေ့တိုင်းပိတ်သည်။

## ငှားရမ်းခွင့်ရှိသူများ

ရွှေတောင်မြို့သူမြို့သားအားလုံးကိုအခမဲ့ ငှားရမ်းခွင့်ပြုသည်။ စာအုပ်စာတမ်းများကိုအက္ခရာအစဉ်အလိုက် နံပါတ်တပ်ကာစာရင်းပြုစုထားရှိသည်။

စာကြည့်တိုက်တွက်စာအုပ်များကိုရန်ပုံငွေဖြင့်ဝယ်ယူခြင်း၊ စေတနာရှင်များထံမှအလှူခံခြင်းဖြင့်စုဆောင်းသည်။ အစိုးရ၏ထောက်ပံ့မှုတစ်စုံတစ်ရာမရခဲ့ပေ။ စာကြည့်တိုက်ဝန်ထမ်းနှင့်တာဝန်ကိုတိတိကျကျသတ်မှတ်ထားရှိခြင်း မရှိပေ။ လယ်တီအသင်းလူကြီးအားလုံးသည် စာကြည့်တိုက်အမှုထမ်းများဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ပိဋကတ်တိုက်ရှိစာအုပ်များ

ထိုပိဋကတ်တိုက်တွင်အင်္ဂလိပ်စာအုပ်စာတမ်း တစ်ထောင်ခန့်ရှိသည်။ ထိုခေတ်ထိုအခါကလစဉ်ထုတ်စာအုပ်အားလုံးလိုလိုနှင့် ထွက်သမျှနေ့စဉ်သတင်းစာများကိုစုဆောင်းထားရှိနိုင်ခဲ့သည်။ ရွှေတောင်မြို့သူမြို့သားရပ်ဟန်းရှင်လူအများအတွက် အသိပညာဗဟုသုတများဖြန့်ဖြူးပေးရာ စာပေဗိမာန်ပင်ဖြစ်သည်။ ပြည်သူကိုအကျိုးပြုသော ပြည်သူ့စာကြည့်တိုက်ပင်ဖြစ်သည်။

## ဆောင်ရွက်ချက်များ

၁၉၃၃ ခုနှစ်မှစ၍ ဒုတိယကမ္ဘာစစ်မဖြစ်မီအထိလယ်တီတိုက်ဝင်းအတွင်း စာပြန်ပွဲများပြုလုပ်ခဲ့သည်။ ရွှေတောင်မြို့နယ်ရှိစာချပုဂ္ဂိုလ်များကို အထိုက်အလျောက်ငွေထောက်ပံ့နိုင်ခဲ့သည်။ ဗုဒ္ဓဘာသာဆိုင်ရာစာအုပ်များကို ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့သည်။ လယ်တီဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းကျော်ကြားမှုအရှိန်အဝါကို လယ်တီစာပေစုဆောင်းမှုဖြင့်မြှင့်တင်နိုင်ခဲ့သည်။ တစ်မြို့နယ်လုံး ၏စာပေဗဟိုမဏ္ဍိုင်အဖြစ်ခိုင်မာစွာရပ်တည်နိုင်ခဲ့သည်။

### ဆုံးရှုံးမှုများ

၁၉၄၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင်ရွှေတောင်တိုက်ပွဲဖြစ်သည်။ တစ်မြို့လုံးနီးပါး မီးလောင်ပြာကျသွားခဲ့သည်။ သို့သော်လယ်တီပိဋကတ်တိုက်မှာ ကြံ့ကြံ့ခံလျက်ကျန်ရစ်ခဲ့သည်။ ဂျပန်ခေတ်တွင်ဂျပန်စစ်ရုံးအဖြစ်လည်းကောင်း၊ အာရှလူငယ်အစည်းအရုံး၏ ရုံးစိုက်ရာဌာနခွဲအဖြစ်လည်းကောင်း၊ ကုန်သိုလှောင်ရာဂိုဒေါင်အဖြစ်လည်းကောင်း အသုံးပြုခဲ့ကြသည်။ စာအုပ်စာတမ်းများကို ပရိဘောဂပစ္စည်းများမှာ ပျောက်ဆုံးပျက်စီးရလေသည်။ ဂိုဒေါင်မှတစ်ဖန်စာ သင်ကျောင်းအဖြစ်ရောက်ရှိခဲ့ပြန်ပါသည်။ စစ်ကြီးအတွင်း၌ကျန်ပိဋကတ်တိုက်မှ မြန်မာမှုနှင့်ဆေးပညာရပ်ဆိုင်ရာပေ၊ ပုရပိုက်များပျောက်ဆုံးခဲ့သောကြောင့် အဖိုးတန်စာပေရတနာများဆုံးရှုံးခဲ့ရရှာသည်။

၁၉၄၈ ခုနှစ်မတိုင်မီအဆောက်အအုံကို ပြန်လည်မွမ်းမံခြင်း၊ မပြုခဲ့ပေ။ ၁၉၄၅ ခုမှ ၁၉၅၃ ခုနှစ်အထိမြို့နယ်ပြည်သူ့ဆေးရုံဖြစ်ခဲ့ရသည်။ ထို့နောက်စစ်ရဲတပ်ရင်း ၃ ၏ရုံးစိုက်ရာဖြစ်ရပြန်သည်။ ထိုမှတစ်ဖန် ဒေသန္တရအုပ်ချုပ်ရေးသင်တန်းကျောင်း၊ သမဝါယမသင်တန်းကျောင်းနှင့် လူမှုရေးရက်တိုသင်တန်းကျောင်းများအဖြစ်ဆက်လက်ကာ ဘဝပြောင်းခဲ့ရလေသည်။ ထို့နောက်တွင်ကား ဤ ပိဋကတ်တိုက်ကြီးသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ကင်းကွာလျက် တစ္ဆေသရဲခြောက်သည်ဟု နာမည်ကြီးပြီးလျှင် ဒုစရိုက်သမားများ စတည်းချခိုလှုံရာစခန်း ဖြစ်ခဲ့ရပြန်ပါသည်။

၁၉၆၇ ခုနှစ်တွင်မူ တိုးတက်သောလုငယ်တစ်စုက စာကြည့်တိုက်ဖွင့်ရန်လှုံ့ဆော်ပြီးလျှင် ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်မြန်မာသက္ကရာဇ် ၁၃၂၉ ခု၊ နတ်တော်လဆန်း ၁ ရက် နေ့တွင်စာဆိုတော်နေ့အခမ်းအနားနှင့်အတူယင်းပိဋကတ်တိုက်ကို "မြို့မလယ်တီစာကြည့်ပိဋကတ်တိုက်" အမည်ဖြင့်ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။

## စေတီယင်္ဂဏပရိယတ္တိအသင်းပိဋကတ်တိုက်

### စေတီယင်္ဂဏဝတ်အသင်းစတင်ပုံ

ဘာသာ သာသနာတိုးတက်ပြန့်ပွားထွန်းကားရေးအတွက် မြောက်များလှသောဆောင်ရွက်ချက်များကြောင့် သံဃာတော်များလောကတွင်ရှင်ငယ်၊ ရဟန်းငယ်မှ အစစေတီယင်္ဂဏအသင်းအား သိရှိကြပေသည်။ အထူးသဖြင့်အသင်းကြီး၏ နှစ်စဉ်ကျင်းပပြုလုပ်နေသည့်စေတီယင်္ဂဏ ပရိယတ္တိစာမေးပွဲကြီးကြောင့် ပို၍ထင်ရှားခြင်းဖြစ်သည်။

ဤအသင်းကြီးကိုမြန်မာသက္ကရာဇ် ၁၂၇၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ တည်

ထောင်ကာစတွင် ဝတ်အသင်းကလေးမျှသာဖြစ်သည်။ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်၌တည်ရှိသော ဝတ်အသင်းဖြစ်သောကြောင့်စေတီယင်္ဂဏ [၁၁] ဝတ်အသင်းဟုခေါ်သည်။ ထိုစဉ်ကအသင်း၏ဆောင်ရွက်ချက်များမှာ ရင်ပြင်၌ရှိသောအညစ်အကြေးအမှိုက်သရိုက်များကိုရှင်းလင်းခြင်း၊ ဆွမ်းတော်ကြီးကပ်လှူခြင်းနှင့် ဘုရားဝတ်ဝတ်ကပ်မှုတို့ကိုသာပြုလုပ်ကြသည်။

ရဟန်းရှင်လူပြည်သူအပေါင်းတို့အတွက် ဗုဒ္ဓဘာသာကျမ်းစာအမျိုးမျိုးတို့ကို လွယ်လင့်တကူ ထုတ်ယူသင်အံ့လေ့ကျက်ဖတ်ရှုမှတ်သားနိုင်ရန် ကျမ်းစာအမျိုးမျိုးကိုအသင်းငွေဖြင့် ဝယ်ယူဖြည့်သွင်းခြင်းဖြင့်လည်းကောင်း၊ ကုသိုလ်ရှင်တို့သဒ္ဓါတရားအလျောက် လှူဒါန်းပူဇော်လာသည့်ပိဋကတ်ကျမ်းစာအုပ်များနှင့် ကျမ်းစာအုပ်များအတွက် အလှူငွေများကိုလက်ခံ၍လည်းကောင်း၊ ပိဋကတ်တိုက်ကြီးအားကျမ်းစာအုပ်များစုံသည်ထက်စုံအောင် ကြိုးစားကြပါသည်။

အသင်းကြီး၏သာသနာရေးဆောင်ရွက်ချက်များတွင် ပရိယတ္တိသာသနာတိုးတက်ရေး၏ အခြေခံအကျဆုံးဖြစ်သည့် "စေတီယင်္ဂဏပရိယတ္တိစာမေးပွဲကြီး" ဆင်ယင်ကျင်းပခြင်းလုပ်ငန်းသည် ပဓာနသာသနာပြုလုပ်ငန်းကြီးဖြစ်သည်။ ထိုစာမေးပွဲကြီးကြောင့်ပင်ပျံ့သင်း ကျော်ကြားထင်ရှားနေခြင်းဖြစ်သည်။

စေတီယင်္ဂဏကာပရိယတ္တစာမေးပွဲကြီးကို ရှေးအခါကရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်ပေါ် ရှိစေတီယင်္ဂဏကာပရိယတ္တိ၊ ဓမ္မာနုဂ္ဂဟအသင်းတည်ရာထီးတော်ရုံတန်ဆောင်း (ဓမ္မာနုဂ္ဂဟကုသိုလ်တော်ပိဋကတ်တိုက်) ၌ခမ်းနားစွာကျင်းပခဲ့သည်။

ရန်ကုန်မြို့ပေါ် ရှိစာချသံဃာ၊ စာလိုက်သံဃာ၊ စာချသီလရှင်၊ စာလိုက်သီလရှင်၊ စာမေးပွဲဝင်ရှင်သာမဏေ၊ ရဟန်းငယ်ရဟန်းပျို၊ လူဥပသကာ၊ ဥပါသိကာတို့သည် အလိုရှိသောကျမ်း စာအုပ်များကိုလွယ်ကူစွာလိုလေသေးမရှိ ငှားယူရရှိနိုင်သောပိဋကတ်တိုက်သည် စေတီယင်္ဂဏ ပရိယတ္တိအသင်းပိဋကတ်တိုက်ပင်ဖြစ်သည်။ ထို့ပြင်စေတီယင်္ဂဏကာပရိယတ္တိစာမေးပွဲကြီးမှ ပထမ ကျော်ပုဂ္ဂိုလ်ထူးများ၊ ကျမ်းဂန်တက်ထေရ်အရှင်များနှင့်စာချ၊ စာလိုက်၊ စာသင်စာမေးပွဲဝင်၊ ပုဂ္ဂိုလ်များအတွက် များစွာအထောက်အကူပြုသည့် စာပေဘဏ်တိုက်ကြီးတစ်ခုပင်ဖြစ်သည်။

သက္ကရာဇ် ၁၂၇၅ ခုနှစ်တွင်စေတီယင်္ဂဏကာဝတ်အသင်းမှ စေတီယင်္ဂဏကာပရိယတ္တိအသင်းအဖြစ်အမည်ပြောင်းလိုက်ကြသည်။ ရည်ရွယ်ချက်မှာ –

(၁) သာသနာသုံးရပ်တိုးတက်ပြန့်ပွားရေးကို ဆောင်ရွက်ရန်၊

(၂) ပရိယတ္တိသာသနာတိုးတက်ရေးတွင် အခြေခံအကျဆုံးဖြစ်သောစာချစာသင်၊ သံဃာတော်အရှင် မြတ်တို့အား ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟနှစ်မျိုးဖြင့်လှူဒါန်းပူဇော်ရန်၊

(၃) ဗုဒ္ဓသန္တကာ၊ ဓမ္မသန္တက၊ သံဃသန္တက၊ အသင်းသန္တကဟူသောသန္တကလေးမျိုးနှင့် ပတ်သက်သည့် ဝေယျာဝစ္စများကိုဆောင်ရွက်ရန်၊

(၄) အသင်းဝင်ဥပါသကာ၊ ဥပါသိကတို့တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးစွာလောကီ၊ လောကုတ္တရာနှစ်ဖြာသောကိစ္စများကို ညီညီညွတ်ညွတ်ရွက်ဆောင်ကြရန်ဟူသော ရည်ရွယ်ချက်ကြီးများ ဖြင့်ဖြစ်ကြသည်။

ထို့ကြောင့် ၁၃၁၅ ခုနှစ်တွင်စေတီယင်္ဂဏပရိယတ္တိ၊ ဓမ္မာနုဂ္ဂဟအသင်းကြီးဟူသော အမည်သစ်သို့ပြောင်းကာယခုတိုင် ထိုအမည်ဖြင့်ဘာသာ သာသနာရေးများကိုဆောင်ရွက်လျက်ရှိပေသည်။

## ပိဋကတ်တိုက်၏ဆောင်ရွက်ချက်များ

ပိဋကတ်တိုက်အုတ်နှစ်ဦးရှိသည်။ ပိဋကတ်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသောကျမ်းများ၊ ယိုးဒယားအက္ခရာဖြင့်ပုံနှိပ်ထားသော ပါဠိတော်၊ အဋ္ဌကထာများ၊ အင်္ဂလိပ်ရောမအက္ခရာဖြင့်ပုံနှိပ်ထားသောပါဠိတော်အဋ္ဌကထာများကို အသင်းဝင်သူများအားငှားရမ်းပေးပါသည်။ စာအုပ်အရေအတွက်တစ်သောင်းကျော်ကို စာဗီရိုပေါင်း (၈၀) ကျော်ဖြင့်ထားရှိသည်။ စာဗီရိုများမှာလှပတင့်တယ်ခမ်းနားလှစွာသော မှန်စီရွှေချဗီရိုများဖြစ်သည်။

## ပိဋကတ်တိုက်အသုံးပြုသည့်ဦးရေ

တစ်နှစ်လျှင်စေတီယင်္ဂဏပရိယတ္တိအသင်း ပိဋကတ်တိုက်ကြီးမှငှားရမ်းထုတ်ယူကြည့်ရှုသည့်ဦးရေမှာ စာချစာသင်ရဟန်းတော် (၂၆၀၀) ကျော်ဖြစ်၍သာမဏေဦးရေသည် (၆၀) ကျော်နှင့် ဥပသကာနှင့် ဥပါသိက ဦးရေသည် (၁၀၀) ကျော်ရှိ၏။

နှစ်စဉ်ထုတ်ငှားသည့်စာအုပ်အရေအတွက်သည် (၃၀၀၀) ကျော်၏ပိုးပရွက်၊ ပိုးဟပ်၊ ခြပိုးတို့မပျက်ဆီးနိုင်အောင်ခိုင်လုံစွာထားရှိသော်လည်း ငှားရမ်းထုတ်ယူကြည့်ရှုသူတို့၏ကိုင်တွယ်မှုကြောင့်ပျက်စီးမှုရှိလျှင် ပြန်လည်ချုပ်လုပ်ထားလေ့ရှိသည်။ တစ်နှစ်လျှင်ပျမ်းမျှအားဖြင့်အုပ်ရေ (၁၀၀) ကျော်ခန့်ကိုပြုပြင်ထိန်းသိမ်းရလေသည်။

## အသင်းဝင်ဖြစ်မှု

ဆရာတော်ကြီး (၉) ပါး ပါဝင်သောဩဝါဒါစရိယ ဆရာတော်ကြီးများအဖွဲ့နှင့်ဆရာတော်ကြီး (၃) ပါး ပါရှိသောနာယကဆရာတော်ကြီးများအဖွဲ့ ဟူ၍နှစ်ဖွဲ့ရှိသည်။

အသင်းအမှုဆောင်အဖွဲ့တွင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ များအကျိုးဆောင်ချုပ်၊ ငွေထိန်းစသည်ဖြင့်အမှုဆောင်လူကြီးပေါင်း ၅၀ ကျော်ပါဝင်ပေသည်။ အသင်းဝင်များမှာသာမန်အသင်းသား၊ ယာဝဇီဝကာ (တစ်သက်ပန်) အသင်းသားဟူ၍နှစ်မျိုးရှိသည်။ အမျိုးသားအမျိုးသမီးနှစ်မျိုးလုံး အသင်းဝင်ခွင့်ရှိ၍အသင်းအမှုဆောင်အစည်းအဝေးက ဆုံးဖြတ်အတည်ပြုမှသာ အသင်းသားဖြစ်နိုင်ခွင့်ရှိပေသည်။ သာမန်အသင်းသားများမှာ အသင်းဝင်ကြေး ၅ ကျပ်နှင့်လစဉ်ကြေး ၁ ကျပ် ၂၅ ပြားတို့ကိုအသင်းသို့ထောက်ပံ့ရမည်။ ယညဝဇီကအသင်းသားများအတွက် တစ်သက်ပန်ကြေး ၁၅၀ ကျပ်ကိုတစ်ကြိမ်တည်းသို့မဟုတ် လစဉ်အရစ်ကြပေးသွင်းနိုင်ပေသည်။ယခုအချိန်ထိသာမန်အသင်းသားဦးရေမှာ (၃၃၇၁) ယောက်ရှိ၍ယာဝဇီကအသင်းသားများမှာ (၂၁၈၁) ယောက်ရှိသည်။

"ပရိယတ္တိသာသနာတိုးတက်မှုသည် စာချစာသင်ထေရ်ရှင်အပေါင်းတို့ အပေါ် အခြေတည်လျက်ရှိသည်။ ပို့ချသင်ကြားမည့်ပုဂ္ဂိုလ် သင်ယူလေ့ကျက်မည့်ပုဂ္ဂိုလ်တို့မရှိလျှင် စာပေပိဋကတ်အထပ်ထပ်ပေါများနေသော်ငြားလည်းပရိယတ္တိသာသနာဆုတ်ယုတ်သည်ပင်မည်၏။ ယခုအချိန်ထိ ပိဋကတ်သုံးဖြာမြတ်ဗုဒ္ဓဒေသနာတော်များ ပြန့်ပွားနေခြင်းသည် အရှင်မဟာကဿဖအစ ရှိသောထေရ်အရှင်မြတ်များ၏ တပည့်စဉ်ဆက်တို့အဆင့်ဆင့်လက်ဆင့်ကမ်းကာ ပို့ချသင်ကြားနူတ်တက်ဆောင်ရွက်တော်မူလာခြင်းများကြောင့်သာဖြစ်ပေသည်။"[၁၂]

---

၁၂။ စွယ်စုံသုတေသီ။ သာသနာ့ရောင်ခြည်
ရန်ကုန်မြို့စေတီယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟအသင်းကြီး (ရန်ကုန်၊ သာသနာရေးရာဦးစီးဌာန၊ )
စာ ၈၀။